Public Wi-Fi စနစ် သုံးစွဲခြင်း၏ကောင်းကျိုး၊ ဆိုးကျိုးများ

ယနေ့ခေတ်တွင် Wireless LAN Technology ကို Laptopများ၊ Tabletများ နှင့် တခြား Moblile Phone များမှ ၄င်းတို့အချင်းချင်း ချိတ်ဆက်ရာတွင် သာမက Internet သို့ချိတ်ဆက်ရာတွင်ပါ ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုလာပါသည်။ ထို့ကြောင့် Hotel ၊ Café နှင့် တခြားသော Public Area များရှိ Open Wi-Fi System များမှ Internet ကို အဆင်ပြေစွာ ချိတ်ဆက်အသုံးပြုနိုင်ပါသည်။ Wi-Fi Technology ကို အသုံးပြုခြင်းကြောင့် ကောင်းကျိုးများရှိသလို အားနည်းချက်များလည်း ရှိပါသည်။ ထို့အတွက်ကြောင့် အောက်တွင် ၄င်းကို အသုံးပြုခြင်းကြောင့် ဖြစ်ပေါ်နိုင်သော Advantage နှင့် Disadvantage များကို ဖော်ပြထားပါသည်။

The Advantages of a Public Wi-Fi System

- **Convenience** – Hotel, Airport, Coffee Shop, Library နှင့် တခြားသော Convenient Location များတွင် Personal (သို့မဟုတ်) Business အလုပ်များကို လုပ်ဆောင်နိုင်ရန်အတွက် Internet Access ကို Public Wi-Fi wireless Technology ဖြင့် အဆင်ပြေစွာ အသုံးပြုနိုင်ပါသည်။
- **Mobility** –Public Wireless Network များအသုံးပြုနိုင်ခြင်းကြောင့် အသုံးပြုသူများသည် ၄င်းတို့၏ Work Environment မဟုတ်သော နေရာများတွင်လည်း Internet Access ကို ရယူအသုံးပြုနိုင်ပါသည်။ ထိုသို့ ပြုလုပ်နိုင်ခြင်းကြောင့် Flexibility နှင့် Efficiency တို့တွင် များစွာ အထောက်အကူဖြစ်စေပါသည်။
- **Increased Productivity** –Employee များသည် ၄င်းတို့၏ လုပ်ငန်းတာဝန်များကို Office ၏အပြင်ဖြစ်သော တခြားသော Convenient Location များမှလည်း ပြီးမြောက်အောင် လုပ်ဆောင်နိုင်ခြင်းသည် လုပ်ငန်း၏ Productivity Level ကို မြင့်တက်စေသည်ဟု Business လုပ်ငန်းများမှ မှတ်ယူထားပါသည်။
- **Deployment** – Wireless Technology မရှိခင် ရက်များတွင် Internet User များသည် Online Connection များကို Access ရရှိရန် Physical Cableများ အသုံးပြုရပါသည်။ ယခုအခါတွင်တော့ Wireless Network အတွက် Single Access Point သာလိုအပ်ပါသည်။
- **Costs and Expandability** – Public Wi-Fi ကိုချိတ်ဆက်ရာတွင် Cost သည် various Factor များပေါ်တွင် မူတည်နေပါသည်။ ဥပမာအားဖြင့် တစ်ချို့သော ဟိုတယ်များ၊ Coffee Shop များနှင့် Library များတွင် Connection ကို Free ပေးထားတတ်ကြပါသည်။

The Disadvantages of a Public Wi-Fi System

- **Low-Level Security** – Public Wi-Fi Connection သည် User အများကြီးမှ တစ်ချိန်တည်းတွင် အသုံးပြုနိုင်ရန် ရည်ရွယ်ထားသည့်အတွက် Compromise ဖြစ်ရန်လွယ်ကူပြီး ၄င်းကို အသုံးပြု ချိတ်ဆက်သော လူတိုင်းတွင် ထိခိုက်မှု ရှိစေနိုင်ပါသည်။ ထို့အတွက်ကြောင့် သင်၏ Password ၊ Bank Account Number များ နှင့် သင့်စက်၏ Share Folder များကို တစ်ခြားသူများမှ ကြည့်ရှုနိုင်မည်၊ သိနိုင်မည် ဖြစ်ပါသည်။
- **Reliability** –Radio Frequency ပေါ်တွင် Transmit ပြုလုပ်သည့်အတွက် Wireless Network System တွင် များစွာသော Interference များ ရှိနိုင်သည့်အတွက် Network Administrator ၏ ထိန်းချုပ်မှုကို ကျော်လွန်ပြီး ရှုပ်ထွေးမှုများ ပေါ်ပေါက်နိုင်ပါသည်။
- **Speed** –Public Wi_Fi Network ကို အသုံးပြုသည်မှာ သင်တစ်ဦးတည်း မဟုတ်သည့်အတွက် Standard Wireless Network အများစု မှ ရနိုင်သော Network Speed မှာ 1 မှ 54Mbps အတွင်းဖြစ်သည့်အတွက် သင်၏ Device များ လုပ်ဆောင်မှုသည် Slow ဖြစ်နိုင်သည်။

http://ipoint-tech.com/wireless-networking-wi-fi-advantages-and-disadvantages-to-wireless-networking/

http://blog.scorpionsoft.com/blog/2013/12/public-wi-fi-friend-or-foe.html

http://www.logicbuy.com/features/7-disadvantages-of-using-public-wifi-and-public-wifi-solutions

http://www.zdnet.com/article/hidden-dangers-of-free-public-wifi/

http://lawyertechreview.com/2012/are-public-wifi-networks-safe/

http://digitalwalt.com/wi-fi-advantages-disadvantages/